ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## ၂ ပညာရေး

၂ ပညာရေး ထိပ်သို့

# 1 ပညာရေးစနစ်

၁၉၈၉ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုထားသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အား ၁၉၉၄ခုနှစ်တွင် ဂျပန်နိုင်ငံလည်း အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

ထိုသဘောတူစာချုပ်မှာ ကလေးသူငယ်များ၏ ပညာသင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းထားသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားကလေးများ၏အုပ်ထိန်းသူများအား ၎င်းကလေးများကျောင်းပညာသင်ရန် ဝတ္တရားမရှိသော်လည်း ကလေးသူငယ်များသည် ကျောင်းပညာသင်ယူခွင့်ရှိသည်။

## 1-1 ဂျပန်၏ပညာရေးစနစ်

### (1) ၆-၃-၃-၄စနစ်

ဂျပန်၏ပညာရေးစနစ်သည်အခြေခံအားဖြင့်မူလတန်း၆နှစ်၊ အလယ်တန်း၃နှစ်၊ အထက်တန်း၃နှစ်၊ တက္ကသိုလ်၄နှစ် (ကောလိပ်၂နှစ်)ဖြစ်သည်။

### (2) မသင်မနေရပညာရေးစနစ်

မူလတန်းနှင့်အလယ်တန်းသည်မသင်မနေရပညာရေးစနစ်ဖြစ်သောကြောင့် ဂျပန်နိုင်ငံသားကလေးများသည် ကျောင်းပြီးအောင် တက်ရမည်ဖြစ်သည်။ မသင်မနေရပညာရေးစနစ်သည် ဂျပန်နိုင်ငံသားများအတွက်သာဖြစ်သော်လည်း ဂျပန်တွင် နေထိုင်သော ၆နှစ်မှ၁၅နှစ် နိုင်ငံခြားသားကလေးများသည် မည်သူမဆိုကာယကံရှင်၏ဆန္ဒပေါ်မူတည်ပြီး ဂျပန်နိုင်ငံသားနှင့် တူညီသော ကုန်ကျစရိတ်ဖြင့် ကျောင်းတက်နိုင်သည်။ ကလေး၏အနာဂတ်အတွက် ကျောင်းပေးတက် စေလိုပါသည်။ မိမိနေထိုင်သောမြို့နယ်ရုံးသို့ ဆက်သွယ်တိုင်ပင်ပါ။

### (3) အခြား

ဂျပန်ကလေးများသည် များသောအားဖြင့် အလယ်တန်းပြီးဆုံးပါက အထက်တန်းကျောင်းနှင့် တက္ကသိုလ်သို့ ဆက်တက်ကြသည်။ အထက်တန်းကျောင်းနှင် တက္ကသိုလ်သည် မူအားဖြင့် ကျောင်းတက်ချင်သည့်သူက ဝင်ခွင့်စာမေးပွဲဖြေပြီး ကျောင်းတက်ရသည်။ မူလတန်း မတက်မီကလေးများအတွက် မူကြိုကျောင်းရှိသည်။ သည့်အပြင် အလယ်တန်းနှင့် အထက်တန်းကျောင်း ပြီးသူများအတွက် အလုပ်အတွက်လိုအပ်သောနည်းပညာနှင့်အသိပညာကိုသင်ကြားပေးသောသက်မွေးပညာသင်ကျောင်းနှင့်အခြားစာသင်ကျောင်းရှိသည်။မသန်စွမ်းသူများအတွက် သီးသန့်စာသင်ပေးသည့် မသန်စွမ်းစာသင်ကျောင်းလည်းရှိသည်။